# ကိုယ်ပိုင် Hardware တွေ ဖန်တီးမှုကို လွယ်ကူစေမယ့် Esplora

Arduino board အတွက် program ရေးရတာ ကိုယ့်အတွက် အဆန်းဖြစ်နေပါသလား။ (go.pcworld.com/arduino101) Arduino team မှာ ကိုယ်ကြိုက်လောက်တဲ့ ပစ္စည်းတစ်မျိုးရှိပါတယ်။ အဲဒါကတော့ Arduino Esplora ပဲဖြစ်ပါတယ်။ အရင်ကထုတ်ခဲ့တဲ့ Arduino Leonardo နဲ့ နည်းနည်းဆင်ပေမဲ့ Esplora (store.arduino.cc/ww/ မှာ ၅၈ ဒေါ်လာတည်းနဲ့ ရနိုင်ပါတယ်။) ကပိုပြီး အလုပ်လုပ်ရတာ လွယ်ပါတယ်။ လာကတည်းက သူ့မှာ ပစ္စည်းအစုံပါပြီးသားပါ။ Board အပိုတွေ၊ ခဲဂေါက်တွေလည်းမလိုပါဘူး။ ခက်ခက်ခဲခဲ setup လုပ်စရာမလိုဘဲ Arduino micro-controller ရဲ့ လုပ်ဆောင်ချက်အပြည့် အဝကို Esplora က ပေးနိုင်တယ်လို့ ကုမ္ပဏီက ပြောထားပါတယ်။ Sensor အမျိုးမျိုးနဲ့ accelerometer တစ်ခု၊ joystick တစ်ခု၊ microphone တစ်ခု၊ push button တွေ၊ RGB LED တစ်လုံးအပြင် buzzer တစ်ခုပါ တစ်ပါတည်းထည့် ပေးထားပါတယ်။ နောက်ပြီး ကိုယ်မျှော်လင့်ထားတဲ့ အတိုင်း physical des - ign တင်မက game controller software တစ်ခုပါ အသင့် ပါပြီးသားပါ။ ကိုယ့်ရဲ့ project အတွက် ပစ္စည်းတွေ ထပ်လိုတယ်ဆိုလည်း တပ်လို့ရပါသေးတယ်။ ဒါပေမဲ့လည်း shield တို့လို Arduinoitem တွေနဲ့ Esplora ကို တိုက်ရိုက်တွဲသုံးလို့တော့ မရသေးပါဘူး။

